ရန်ကုန်ပရိုတက်စတင့်ပြန်လည်ပြုပြင်သောအသင်းတော်

Yangon Protestant Reformed Church

တနင်္ဂနွေစာစောင်၊ နံပတ် (၁၁၆)

နေ့စွဲ – ၁၅.၇. ၂၀၁၂

## ကျွန်ုပ်တို့၏ရှင်ပြန်ထမြောက်ခြင်းမရှိမဖြစ်လိုအပ်သည့်အကြောင်း

(The Necessity of Our Resurrection)

ကိုယ်ခန္ဓာနှင့်ရှင်ပြန်ထမြောက်ခြင်း တကြိမ်သာရှိမည်ဆိုသည့်အချက်ကို ကျွန်တော်တို့ အခိုင်အမာတည်ဆောက်ခဲ့ကြပြီးဖြစ်သည်။ ကယ်တင်ခြင်းခံရသူများရော၊ မရသူများပါ၊ ကမ္ဘာကြီး၏အဆုံးသတ်တွင် တကြိမ်သာ ထမြောက်ကြပါမည်၊ ဒစ်စပင်ဆေးရှင်းဝါဒနှင့် ပရီမီလေးနီးယမ်းဝါဒတို့က ပြောသလို အကြိမ်အများကြီး မဟုတ်ပါ။ ကျွန်တော်တို့အတွက် ထို တကြိမ်တည်းသောထမြောက်ခြင်းသည် မျှော်လင့်ချက်အားလုံးတို့က အထူးပြုရာဖြစ်ပါသည်။ ထိုသို့ပင်ဖြစ်ရမည်ဟု ကျမ်းစာက ကျွန်တော်တို့ကို ပြောထားသည့်အတိုင်းဖြစ်ပါသည် (၁ကော ၁၅း၁၂–၁၉)။ ယခုတွင် ကျမ်းစာကသင်ပေးသည့်၊ နောက်ဆုံးသောအချိန်၌ ယုံကြည်သူတို့ထမြောက်ကြခြင်းနှင့် ပတ်သက်သောအကြောင်းများကို ကြည့်ကြပါမည်။

ခရစ်တော်၏ရှင်ပြန်ထမြောက်ခြင်းကို ငြင်းပယ်ခြင်းသည် အတော်ဆိုးဝါးသောအမှားဖြစ်သလို၊ ယုံကြည်သူတို့၏ ထမြောက်ခြင်းကို ငြင်းပယ်ခြင်းသည်လည်း ဆိုးရွားလှပါသည်။ လူသေများရှင်ပြန်ထမြောက်ခြင်း ကျွန်တော်တို့အတွက် မရှိလျှင်၊ ခရစ်တော်သည်လည်း ထမြောက်မည်မဟုတ်ပါ။ ထိုနှစ်ခုသည် ခွဲ၍မရအောင် ဒွန်တွဲနေပါသည်။ တခုမဖြစ်လျှင် နောက်တခုလည်း ဖြစ်လာမည်မဟုတ်ပါ။ ၎င်းကို ၁ကော ၁၅း၁၆–၁၇ ကသင်ပေးပါသည်။

ခရစ်တော်၏ရှင်ပြန်ထမြောက်ခြင်းကို ငြင်းပယ်ကြသူများသည် ခေတ်အဆက်ဆက် ယနေ့တိုင်အောင် ရှိနေပါသည်။ ထိုသို့ ငြင်းဆန်ကြခြင်းနှင့်အတူ ဒွန်တွဲလျှက်ပါလာလေ့ရှိသောအချက်မှာ ခရစ်တော်၏ဘုရားဖြစ်ခြင်းကိုလည်း ငြင်းဆန်ခြင်းဖြစ်ပါသည်။ သူ၏ အပျိုစစ်စစ်မှမွေးဖွားခြင်း၊ သူ၏ အံ့ဩဖွယ်လုပ်ဆောင်ချက်များနှင့် သူ၏ အပြစ်မှကြေအေးစေဖို့ရန် အသေခံပေးခြင်း အမှန်တရား စသည်တို့ကိုလည်း ငြင်းပယ်ကြခြင်းဖြစ်ပါသည်။ ထို့အတူ ယုံကြည်သူများ၏ ရှင်ပြန်ထမြောက်ခြင်းကို ငြင်းဆန်ကြသူများလည်း ရှိနေကြပါသည်။ အသင်းတော်စတင်ချိန်ကလည်း ရှိခဲ့ကြသလို (၁ကော ၁၅း၁၂၊ ၂တိ ၂း၁၇–၁၈)၊ ယနေ့ချိန်တွင်လည်း ရှိနေကြဆဲဖြစ်ပါသည်။

အချို့ကို အထူးသဖြင့် ခရစ်ယာန်ရီခေါန်စထရပ်ရှင်းလှုပ်ရှားမှုတွင် တွေ့ရပါသည်။ ထိုသူတို့က ပရောဖက်များကပေါ်ပြချက်များအားလုံး အတိတ်တွင်ပြီးခဲ့ကြပြီ ဆိုသည့်အမြင်ကို ခံယူကြခြင်းဖြင့်၊ သေခြင်းမှရှင်ပြန်ထမြောက်ခြင်းသည်လည်း အတိတ်တွင်ကျန်ခဲ့ပြီဟု သင်ပေးကြပါသည်။

သို့သော် ရှင်ပေါလုက ယုံကြည်သူတို့၏ကိုယ်ခန္ဓာများ အနာဂတ်တွင် ပြန်လည်ရှင်ပြန်ထမြောက်ဦးမည်ဖြစ်ခြင်းကို ငြင်းပယ်ခြင်းသည်၊ ခရစ်တော်၏ရှင်ပြန်ထမြောက်ခြင်းကို ငြင်းပယ်ခြင်းသာဖြစ်ပါသည်၊ ယုံကြည်ခြင်းကို အချည်းနှီးမဲ့ဖြစ်စေခြင်းသာဖြစ်ပါသည်၊ ကျွန်တော်တို့ကို မိမိတို့အပြစ်များထဲ၌ဆက်၍နေစေခြင်းသာဖြစ်သည်ဟု ပြောပါသည်။ ထို့ကြောင့် ၎င်းသည် အဆိုးဝါးဆုံးအမှားဖြစ်သည်။ အဘယ့်ကြောင့်နည်း?

ပထမ၊ အနာဂတ်တွင် ကိုယ်ခန္ဓာနှင့် ထမြောက်ခြင်းရှိမည်ကို ငြင်းပယ်ခြင်းသည်၊ ခရစ်တော်၏ရှင်ပြန်ထမြောက်ခြင်းကို ငြင်းပယ်ခြင်းသာဖြစ်ပါသည်၊ အဘယ့်ကြောင့်ဆိုသော် ယုံကြည်သူတို့၏ရှင်ပြန်ထမြောက်ခြင်းသည်၊ ခရစ်တော်ရှင်ပြန်ထမြောက်ခြင်း၏ တစိတ်တပိုင်းဖြစ်သောကြောင့်ဖြစ်သည်။ ယုံကြည်သူတို့သည် ခရစ်တော်၏ကိုယ်ခန္ဓာဖြစ်ကြသည်၊ အသင်းတော်ဖြစ်သည်၊ ၎င်းတို့ထဲတွင် ခရစ်တော်၏ရှင်ပြန်ထမြောက်သောအသက်သည် ရှိနေပါသည်။ ရလဒ်မှာ ယုံကြည်သူတို့သည်လည်း ခရစ်တော်ရှင်ပြန်ထမြောက်ချိန်တွင် ခရစ်တော်နှင့်အတူ ထမြောက်ကြပြီးဖြစ်ပါသည်။ ထိုသို့မဟုတ်ဘူးဆိုလျှင်၊ ခရစ်တော်၏ရှင်ပြန်ထမြောက်ပြီးအသက်သည် မပေါ်မရှိဟုပြောရမည်သာဖြစ်သည် – ခရစ်တော် မထမြောက်၊ သေခြင်းကို မနိုင်ဟု ဆိုရာရောက်လာပါမည်။ ခရစ်တော်၏ သေခြင်းအပေါ် အောင်နိုင်ခြင်း၊ သေခြင်းအပေါ်အာဏာရှိခြင်းတို့ကို သူ၏ရှင်ပြန်ထမြောက်ခြင်းကသာ သက်သေပြသည်မဟုတ်ပါ၊ ယုံကြည်သူတို့၏ရှင်ပြန်ထမြောက်ခြင်းကလည်း သက်သေပြနေပါသည်။

ရှင်ပြန်ထမြောက်ခြင်းကို ငြင်းပယ်ခြင်းက ကျွန်တော်တို့သည် အပြစ်များထဲ၌ဆက်နေကြသေးသည်ဟု ပြောရာလည်းရောက်ပါသည်။ အဘယ့်ကြောင့်ဆိုသော် ခရစ်တော်၏ရှင်ပြန်ထမြောက်ခြင်းသည် ဘုရားသခင်ရှေ့တွင် ကျွန်တော်တို့သည် ဖြောင့်မတ်ကြသည်ဆိုခြင်းကို သက်သေပြခြင်းဖြစ်ပါသည်။ သခင်ယေရှုက အပြစ်မှကြေအေးခြင်းကို ပြုပြီးသောအခါ၊ "အမှုပြီးပြီ"ဟု ပြောခဲ့ပါသည်။ ဘုရားသခင်က သခင်ယေရှုကို သေခြင်းမှရှင်ပြန်ထမြောက်စေသောအခါ၊ တရားသူကြီးအနေနှင့် "အမှုပြီးပြီ"ဟု ပြောခြင်းဖြစ်ပါသည်။ ထို့ကြောင့် သေခြင်းမှပြန်လည်ရှင်ပြန်ထမြောက်ခြင်းသည် ဘုရားသခင့်ရှေ့တွင် ကျွန်တော်တို့ ဖြောင့်မတ်ကြပြီဟု ကြေညာခြင်းသာဖြစ်ပါသည်။ ၎င်းသည် ရောမသြဝါဒစာ ၄း၂၅ က ငါတို့သခင်ယေရှုသည် "ငါတို့၏ဖြောင့်မတ်ခြင်းအတွက် ပြန်၍ထမြောက်ပါသည်"ဟု ပြောခြင်း၏အဓိပ္ပါယ်ဖြစ်သည်။

ကျွန်တော်တို့၏မျှော်လင့်ခြင်းသည် ကောင်းကင်တွင်ရှိသဖြင့် "အသွေးနှင့်အသားက ကောင်းကင်ဘုံကို အမွေမရနိုင်သောကြောင့်" (၁ကော ၁၅း၅၀)၊ ကျွန်တော်တို့သည် ရှင်ပြန်ထမြောက်ချိန်ကို စောင့်မျှော်နေကြပါသည်၊ တောင့်တကြပါသည်။ သို့သော်

သေသူများ ထမြောက်ခြင်းမရှိခဲ့လျှင်၊ ကျွန်တော်တို့၏ခန္ဓာကိုယ်များ ရှင်ပြန်ထမြောက်ချိန်တွင် မပြောင်းလည်းကြပါလျှင်၊ ထိုမျှော်လင့်ခြင်းသည် အချည်းနှီးမဲ့ဖြစ်ပါမည်။ ထို့ကြောင့် ကျွန်တော်တို့သည် တတိယနေ့တွင် ခရစ်တော် သေခြင်းမှရှင်ပြန်ထမြောက်သည်ကို ယုံကြည်ရမည်သာမကပါ၊ ကျွန်တော်တို့၏ ခရစ်တော်နှင့်အတူ ရှင်ပြန်ထမြောက်ခြင်းကိုလည်း ယုံကြည်ကြရပါမည်။ ထိုအချိန်တွင် ကျွန်တော်တို့၏ဆိုးညစ်သောကိုယ်ခန္ဓာများသည် ခရစ်တော်၏ဘုန်းကျက်သရေအရှိဆုံးကိုယ်ခန္ဓာကဲ့သို့ ပြောင်းလဲသွားကြမည်ဖြစ်ပါသည် (ဖိ ၃း၂၁)။

## ကိုယ်ခန္ဓာရှင်ပြန်ထမြောက်ခြင်းအကြောင်း(The Resurrection Body)

လူသေတို့၏ပြန်လည်ရှင်ပြန်ထမြောက်ခြင်းနှင့်ပတ်သက်၍ ယခုချိန်တွင် အဖြေပေး၍မရသောမေးခွန်း အမြောက်အများရှိပါသည်။ ထို့အတူ ပြန်လည်ရှင်ပြန်ထမြောက်ချိန်တွင် ကျွန်တော်တို့ ရရှိကြမည့် ကိုယ်ခန္ဓာနှင့်ပတ်သက်၍လည်း မသိရသေးသည်များရှိနေပါသည်။ ထို့အတူ ဘုရားသခင့်လူတို့ နေထိုင်ရမည်အိမ်၊ ကောင်းကင်ဘုံနှင့်ပတ်သက်၍လည်း မဖြေနိုင်သေးသောမေးခွန်းများလှပါသည်။ မည်သို့ပင်ဖြစ်ပါစေ၊ ကျမ်းစာက ကိုယ်ခန္ဓာပြန်လည်ရှင်ပြန်ထမြောက်ဦးမည်ဖြစ်ခြင်းကို ယုံကြည်ဖို့ လုံလောက်သောအချက်အလက်များကို ပေးထားပါသည်၊ ထိုအရာကို မျှော်လင့်ဖို့၊ ဆုတောင်းဖို့ကို သိနားလည်နိုင်လောက်အောင် လုံလောက်သော အချက်အလက်များကိုတော့ အသေအချာပေးထားပါသည်။

ကျမ်းစာက ကျွန်တော်တို့၏ ရှင်ပြန်ထမြောက်ချိန် ရရှိမည့် ကိုယ်ခန္ဓာအကြောင်းကို ၁ကော ၁၅ တွင် အကျယ်တဝင့်ပြောပြပါသည်။ ထိုနေရာတွင် တန်ဖိုးအရှိဆုံး အမှန်တရား လေးမျိုးကို ပြောပြပါသည်၊–

ပထမ၊ ပြန်လည်ထမြောက်ပြီးကိုယ်ခန္ဓာသည် မပျက်ဆီးနိုင်တော့ပါ (ငယ် ၄၄၊ ၅၂)။ အပြစ်၏အကျိုးအာနိသင်များဖြစ်ကြသည့် – ဖျားနာခြင်း၊ သေဆုံးခြင်း၊ မြုတ်နှံခံရခြင်း – စသည်တို့မှသာ လွတ်မည်မဟုတ်၊ အာဒံအခြေအနေကဲ့သို့ အပြစ်နှင့်သေခြင်းသို့ နစ်မြုပ်ခြင်းမျိုး၊ လုံးဝမဖြစ်နိုင်တော့သော အပြစ်သို့ ရောက်ပါမည်။ မပျက်ဆီးနိုင်တော့ခြင်းဆိုသည်မှာ "ပျက်ဆီးဖို့ရန် မဖြစ်နိုင်တော့ခြင်း"ကို ဆိုလိုပါသည်။

ဒုတိယ၊ ရှင်ပြန်ထမြောက်ပြီးကိုယ်ခန္ဓာသည် ဘုန်းကျက်သရေနှင့်ပြည့်သောကိုယ်ခန္ဓာဖြစ်ပါမည်(ငယ် ၄၃)။ ၎င်း၏ ဘုန်းကျက်သရေသည် ခရစ်တော်ကိုယ်တိုင်၏ဘုန်းကျက်သရေကဲ့သို့၊ ခရစ်တော်၌ရှိသော ဘုရားသခင်၏ဘုန်းကျက်သရေကဲ့သို့ဖြစ်ပါမည်။ ပေါလုကပြောပါသည် "ငါတို့၏ဆိုးညစ်သောကိုယ်ခန္ဓာသည် ခရစ်တော်၏ ဘုန်းကျက်သရေနှင့်ပြည့်သော ကိုယ်ခန္ဓာကဲ့သို့ ပြောင်းသွားမည်" (ဖိ ၃း၂၁)။ ဆိုလိုသည်မှာ ကောင်းကင်ဘုံနှင့်ဆိုင်သော ဘုန်းကျက်သရေ၊ ကောင်းချီးနှင့်ပြည့်သော အသက်ရှင်မှုတို့ကို ဖြစ်ပါသည်။

တတိယ၊ ရှင်ပြန်ထမြောက်ပြီးကိုယ်ခန္ဓာသည် တန်ခိုးစွမ်းအားပြည့် ဖြစ်ပါမည် (၁ကော ၁၅း၄၃)။ ဟေရှာယ ၄၀း၃၁ ကလည်း ၎င်းကို အနည်းငယ်ပြောပြပါသည်။ အမြဲတမ်း ပြေးနေသော်လည်း ဘယ်တော့မှမမောနိုင်ခြင်းမျိုးသည် တွေး၍ပင် မဖြစ်နိုင်ပါ၊ သို့သော် ထိုကဲ့သို့သောအခြေအနေသည် ရှင်ပြန်ထမြောက်ခြင်းဖြင့် ကျွန်တော်တို့ရရှိမည့် အစိတ်အပိုင်းငယ်တခုသာ ဖြစ်ပါမည်။ အာဒံ ပျောက်ဆုံးခဲ့ရသောစွမ်းအင်ကိုသာ ပြန်ရရှိစေမည်မဟုတ်ပါ၊ ထိုထက်မကသော တန်ခိုးစွမ်းအားများကိုလည်း ရကြမည် ဖြစ်ပါသည်။ ကျွန်တော်တို့ကို သိသကဲ့သို့ ပြန်သိနိုင်မည့်စွမ်းအင်ကိုလည်း ရကြမည်ဖြစ်သည် (၁ကော ၁၃း၁၂)။ ထိုအရာတို့ထက် ပို၍ထူးခြားသည်မှာ အပြစ်မပါဘဲ၊ ဘုရားသခင်ကို ချစ်နိုင်ခြင်း၊ သူ၏အမှုကို ထမ်းဆောင်နိုင်ခြင်းတို့ဖြစ်ပါသည်။ ထိုအဖြစ်သည် မည်မျှအံ့သြစရာကောင်းလိုက်ပါမည်နည်း!

နောက်ဆုံးအနေနှင့်၊ ရှင်ပြန်ထမြောက်ပြီးကိုယ်ခန္ဓာသည် ဝိညာဉ်ရေးရာကိုယ်ခန္ဓာဖြစ်ပါမည် (၁ကော ၁၅း၄၄)။ ဤနေရာတွင်လည်း ကျမ်းစာက ဘာကိုအတိအကျပြောကြောင်း သိဖို့ခက်ပါသည်၊ သို့သော် အနည်းဆုံး ဤအစိပ္ပါယ်များကို ပြောနေခြင်းဖြစ်ပါသည်၊– ကျွန်တော်တို့သည် အသွေးအသားနှင့်ရှိသောပုံစံတော့ မဟုတ်တော့ပါ၊ ဤကမ္ဘာကြီးပေါ်၌ ကိုက်ညီစွာ အသက်ရှင်နိုင်သော ကိုယ်ခန္ဓာများတော့ဖြစ်ကြပါမည်၊ သို့သော် အသွေးနှင့်အသားက အမွေမခံနိုင်သောအရာများကို အမွေခံနိုင်ကြသူများလည်း ဖြစ်ကြပါမည်(ငယ် ၅၀)။

ကျွန်တော်တို့၏ကိုယ်ခန္ဓာများ သေခြင်းမှ မြေမှုန့်မှ ထမြောက်ကြချိန် ပြောင်းလည်းမည့် အဖြစ်များသည် ကြီးကျယ်လွန်းလှသောကြောင့် ကျမ်းစာက ရုပ်ပုံကားချက်၊ နိမိတ်ပုံများဖြင့် ပြရသည့်အဖြစ်ကို မဖြစ်မနေရွေးချယ်၍၊ ထိုအချိန်ဖြစ်မည့်အကြောင်းအရာကို အရိပ်အမြွက်မျှ သိနိုင်ရန် ပြောပြနေပါသည်။ ဥပမာ – ဂျုံစေ့ငယ်ကလေး အပင်ဖြစ်လာမှု၊ ပထမ အသက်မဲ့ မာကျောသော အစေ့ငယ်ကလေး၊ နောက် အပင်ပေါက်ကြီးထွားသီပွင့်လာခြင်း၊ စသည်တို့သည် ကျွန်တော်တို့ ပြောင်းလည်းကြမည့်ပုံစံနှင့် အတော်ကိုက်ညီသော ဥပမာဖြစ်ပါသည်(၁ကော ၁၅း၃၇)။

ဖန်ဆင်းခြင်းထဲတွင်လည်း ထိုအချိန်အခြေအနေကို နားလည်နိုင်ဖို့ ဥပမာများရှိပါသည်။ လိပ်ပြာတကောင်ဖြစ်လာပုံသည် တခုဖြစ်ပါမည်။ ဘောက်ဖတ်ကောင်မှ၊ ပိုးတုန်းလုန်း၊ ပြီးသောအခါ လှပသောလိပ်ပြာဘဝ။ ထိုသို့သော ပုံဆောင်တင်စားချက်ကို ပြောင်းလဲခြင်းဟု ဖိလိပိပြဲဝါဒစာ ၃း၂၁ တွင်သုံးပါသည်။ ထိုသို့ ဘာမှမဟုတ်သော ပိုးကောင်ဘဝမှ လှပလွန်းသော ဘုရားသခင့် ဖန်ဆင်းခြင်းခံ လိပ်ပြာတကောင်သို့ ပြောင်းလဲသွားသော်လည်း၊ ယခင်က ပိုးကောင်ဖြစ်ခဲ့ဘူးသူသာ ဖြစ်နေဆဲဖြစ်ပါသည်။

ထိုရှင်ပြန်ထမြောက်ခြင်း အံ့သြစရာများကို တွေးခေါ်ကြသည့်အခါ၊ ၎င်းတို့သည် ကျွန်တော်တို့၏မျှော်လင့်ခြင်းများ စူးစိုက်ရာနေရာဖြစ်လာပါသည်။ ထိုအခါ၊ "ငါ့ သခင် အမြန်လာပါ"ဟု ပြောလာကြပါသည်။ အမြန်လာလျှက် ဤ ဆိုးညစ်သော

ကိုယ်ခန္ဓာကို အမြန်ပြောင်းပေးပါ၊ အပြစ်နှင့်ပုတ်သိုးနေသောကိုယ်ခန္ဓာ၊ သေခြင်းနှင့်ပျက်ဆီးခြင်းကို ဝန်ခံနေရသည့်ကိုယ်ခန္ဓာ၊ ထို ကျွန်တော်တို့၏ကိုယ်ခန္ဓာများကို ကိုယ်ခန္ဓာ၌၊ ဝိညာဉ်ထဲ၌ ကိုယ့်တော့်ပုံစံကဲ့သို့ ပြောင်းပစ်ပေးတော်မူပါဟု ပြောလာကြပါတော့ သည်။ (Doctrine According to Godliness, Rev. Ronald Hanko၏စာအုပ်မှ ဘာသာပြန်ပါသည်)

သုတ္တံ ၁၈း၁–၂၄ (ကျမ်းဘုရင်မူ)
၁ – လိုချင်ဆန္ဒဖြင့် လူတဦးသည်၊ မိမိကိုယ်ကိုယ် သီးခြားနေလျှက်၊ အားလုံးသောဉာဏ်ပညာတို့ကို ရှာဖွေကာ၊ ၎င်းတို့နှင့်ရောနှော နေထိုင်သည်။
၂ – လူမိုက်သည် နားလည်ခြင်းကို မနှစ်သက်ပါ၊ သို့သော် သူ၏နှလုံးသားက သူ့ဘာသာ ရှာတွေ့ပါလိမ့်မည်။
၃ – လူဆိုးလာသောအခါ၊ အထင်သေးခြင်းလည်း ရောက်လာပါသည်၊ ထို့နောက် အရှက်ရခြင်းနှင့်အတူ သိက္ခာကျခြင်း ရောက် လာပါသည်။
၄ – လူတဦး၏ပါးစပ်၌ရှိသော စကားလုံးတို့သည် နက်သောရေတို့နှင့်တူကြပါသည်၊ ဉာဏ်ပညာ၏စမ်းရေပေါက်သည်လည်း စီး ဆင်းနေသော စမ်းချောင်းကဲ့သို့ဖြစ်ပါသည်။
၅ – ဖြောင့်မတ်သူကို မှောက်လှန်ပစ်ဖို့ တရားစီရင်ခြင်းတွင်၊ ဆိုးညစ်သူကို လက်ခံခြင်းသည် မကောင်းပါ။
၆ – လူမိုက်၏နှုတ်ခမ်းတို့သည် ရန်ဖြစ်ခြင်းသို့ ဝင်ရောက်ပါသည်၊ သူ၏ပါးစပ်က ကြိမ်ဒဏ်များကို ခေါ်နေပါသည်။
၇ – လူမိုက်၏ပါးစပ်သည် သူ၏ပျက်ဆီးရခြင်းဖြစ်သည်၊ သူ၏နှုတ်ခမ်းတို့သည်လည်း သူ့ဝိညာဉ်၏ထောင်ချောက်ဖြစ်ပါသည်။
၈ – စကားကုန်သွယ်သူ၏ စကားလုံးတို့သည် အနာများကဲ့သို့ဖြစ်ကြပါသည်၊ ၎င်းတို့သည် ဝမ်းဗိုက်၏အတွင်းအကျဆုံး အပိုင်းတို့ ထဲသို့ ဝင်ရောက်တတ်ကြသည်။
၉ – မိမိ၏အလုပ်၌ ပျင်းရိသူသည် ကြီးသောဖြုန်းတီးသူနှင့် ညီအကိုတော်သူဖြစ်ပါသည်။
၁၀ – ဘုရားသခင်၏ နာမည်သည် သန်မာသောမျှော်စင်ဖြစ်သည်၊ ဖြောင့်မတ်သူသည် ၎င်းထံသို့ ပြေးဝင်သည်၊ ထို့နောက် လုံခြုံ လျှက် ရှိနေသည်။
၁၁ – ချမ်းသာသူ၏ စည်းစိမ်များသည် ၎င်း၏ သန်မာသောမြို့တော်ဖြစ်သည်၊ သူ၏ကိုယ်ပိုင်တွေးထင်မှုတွင် မြင့်မားလှသောနံရံ ကဲ့သို့လည်း ဖြစ်ပါသည်။
၁၂ – ပျက်ဆီးခြင်းမတိုင်ခင်တွင် လူတဦး၏နှလုံးသားသည် မောက်မာနေပါသည်၊ ထို့အတူ ဂုဏ်ပြုခံရခြင်းမတိုင်မီတွင် နှိမ့်ချခြင်း ရှိပါသည်။
၁၃ – အကြောင်းအရာတခုကို မကြားရခင် အဖြေပေးသူသည်၊ မိုက်မဲလှသူဖြစ်သည်၊ အရှက်ကွဲခြင်း သူ့ထံ ရောက်လာပါမည်။
၁၄ – လူတဦး၏ဝိညာဉ်က သူ၏ ချည့်နဲ့ခြင်းကို အားတက်စေမည်၊ သို့သော် အနာတရဖြစ်နေသောဝိညာဉ်ကိုမူ မည်သူက ခံနိုင် မည်နည်း?
၁၅ – ပညာရှိ၏နှလုံးသာက အသိပညာကို ရယူသည်၊ ပညာရှိ၏နားကလည်း အသိပညာကို ရှာဖွေပါသည်။
၁၆ – လူတဦး၏လက်ဆောင်က သူ့အတွက် အခန်းကိုပြုလုပ်ပေးသည်၊ ထို့အပြင် သူ့ကို ကြီးမြတ်သူများရှေ့သို့ ခေါ်ဆောင်သွားပါ သည်။
၁၇ – မိမိအမှုကို ပထမတင်ပြသူသည် မှန်သည်ဟု ထင်ရသည်၊ သို့သော် သူ၏အိမ်နီးချင်းက လာလျှက် သူ့ကို စိစစ်ပါသည်။
၁၈ – အံစာတုန်းပစ်ခြင်းက အချေအတင်ငြင်းခုံခြင်းကို ရပ်ဆဲစေသည်၊ အားကြီးသူများကိုလည်း ခွဲပစ်လိုက်ပါသည်။
၁၉ – စိတ်နာသောညီအကိုကို ပြန်ရဖို့သည် ခိုင်မာသောမြို့တော်ကြီးကို အောင်နိုင်သည်ထက် ပိုခက်ပါသည်၊ သူတို့၏ အချေတင် ငြင်းခုံခြင်းများသည် ရဲတိုက်ကြီး၏သစ်သားတိုင်ကြီးများနှင့်တူကြသည်။
၂၀ – လူတဦး၏ဝမ်းသည် သူ့နှုတ်၏အသီးတို့နှင့် ကျေနပ်ရလိမ့်မည်၊ သူ့နှုတ်ခမ်းတို့၏တိုးပွားခြင်းနှင့် သူသည် ဝနေရလိမ့်မည်။
၂၁ – သေခြင်းနှင့်ရှင်ခြင်းတို့သည် လျှာ၏စွမ်းအင်တွင်ရှိနေကြသည်၊ ၎င်းကိုချစ်သောသူတို့သည်လည်း ၎င်း၏အသီးအပွင့်တို့ကို စားရလိမ့်မည်။
၂၂ – ဇနီးကိုရှာတွေ့သူတိုင်း ကောင်းသောအရာကို ရှာတွေ့ခြင်းဖြစ်သည်၊ ဘုရားသခင့်ထံမှ မျက်နှာသာပေးခြင်းကို ရရှိသူဖြစ် သည်။
၂၃ – ဆင်းရဲသူက အနူးအညွတ်တောင်းပန်ခြင်းများကို သုံးသည်၊ သို့သော် ချမ်းသာသူကမူ ကြမ်းတမ်းစွာ ပြန်ဖြေပါသည်။
၂၄ – သူငယ်ချင်းများစွာ ရှိသူသည်၊ သူကိုယ်တိုင်ကပင် ဖော်ရွေသူဖြစ်ကြောင်း ပြရမည်၊ ညီအကိုထက် ပို၍နီးကပ်စွာ ခွဲကပ်သော သူငယ်ချင်း ရှိနေပါသည်။

××××××××××××××××××××××

ကောလောသဲ ၂း၁–၂၃ (ကျမ်းဘုရင်မူ)
၁ – သင်တို့အတွက်၊ လော်ဒီးစီးယားနယ်သားတို့အတွက်၊ ငါ့မျက်နှာကို အသွေးအသား၌ မမြင်ဘူးကြသေးသူတို့အတွက် ငါသည် မည်မျှကြီးသောတိုက်ပွဲကို ဝင်ခဲ့ရသည်ဆိုသည်ကို သင်တို့သိကြဖို့ရန် အလိုရှိပါသည်၊

၂ – ထိုသို့ဖြင့် သူတို့နှလုံးသားများသည် နှစ်သိမ့်မှုကို ရကြပါမည်၊ ချစ်ခြင်းမေတ္တာ၌ အချင်းချင်း နှောင်ဖွဲ့ကြလျှက်၊ ပြည့်စုံသော အာမခံချက်ရှိမှုကို နားလည်ခြင်း၏ အားလုံးသောကြွယ်ဝခြင်းသို့၎င်း၊ ဘုရားသခင်၏၊ ခမည်းတော်၏၊ သားတော်၏ နက်နဲခြင်းကို အသိအမှတ်ပြုကြခြင်းသို့၎င်း ရောက်နိုင်ကြမည်ဖြစ်သည်၊

၃ – သူ့ထံတွင် အားလုံးသော ဉာဏ်ပညာနှင့်အသိပညာတို့၏ဘဏ္ဍာများကို ဖွက်ထားပါသည်။

၄ – ထိုသို့ ငါပြောရခြင်းသည်၊ တစုံတဦးက သင်တို့ကို သွေးဆောင်ဖြားယောင်းသော စကားလုံးတို့ဖြင့် လိမ်လည်လှည့်ဖြားမည် စိုးသောကြောင့်ဖြစ်သည်။

၅ – ငါသည် အသွေးအသားဖြင့် ရှိမနေသော်လည်း၊ ငါသည် သင်တို့နှင့်အတူ ဝိညာဉ်၌ရှိနေပါသည်၊ သင်တို့၏ ထုံးစံလိုက်နာမှုနှင့် ခရစ်တော်ထံထားရှိသည့် သင်တို့၏ယုံကြည်မှု တည်ကြည်ခိုင်မာခြင်းကို တွေ့မြင်လျှက်၊ ဝမ်းမြောက်နေပါသည်။

၆ – သင်တို့သည် ခရစ်တော်ယေရှုကို သခင်အဖြစ် လက်ခံကြသလောက်၊ သူ့ထံတွင်လည်း လျှောက်လှမ်းအသက်ရှင်ကြသည်၊

၇ – သူ့ထံတွင် အမြစ်ကျကြလျှက်၊ တည်ဆောက်လျှက် ရှိနေကြပါသည်၊ ယုံကြည်ခြင်း၌ အခိုင်အမာ တည်ဆောက်လျှက် ရှိကြသည်၊ သင်တို့ကို သင်ပေးခဲ့သကဲ့သို့ ဖြစ်ပါသည်၊ ထိုနေရာတွင် သင်တို့သည် ကျေးဇူးတင်ခြင်းနှင့်အတူ ပို၍ပင် တိုးတက်လျှက် ရှိနေကြသည်။

၈ – သတိထားကြပါ၊ မဟုတ်ပါက တစုံတဦးက သင်တို့ကို ခရစ်တော်၏ သွန်သင်ခြင်းအတိုင်း မဟုတ်သည့် လူတို့၏ဓလေ့ထုံးစံများမှလာသော၊ ကမ္ဘာကြီး၏အခြေခံသဘောတရားများမှလာသော အတွေးအခေါ်၊ အချည်းနှီးသောလိမ်ညာခြင်းတို့ဖြင့် ဖျက်ဆီးမည် စိုးရပါသည်။

၉ – အဘယ့်ကြောင့်ဆိုသော် သူ့ထံတွင် ဘုရားသခင့်အဖြစ်တော်၏ ပြည့်စုံခြင်းအားလုံးသည် အလုံးအခဲလိုက်နှင့် ကျိန်းဝပ်နေပါသည်။

၁၀ – သင်တို့သည် သူ့ထံ၌ ပြည့်စုံနေကြပါသည်၊ သူသည် အားလုံးသောအုပ်စိုးခြင်းများနှင့်တန်ခိုးအာဏာတို့၏ ဦးခေါင်းဖြစ်ပါသည်၊

၁၁ – သူ့ထံ၌ သင်တို့သည် လက်တို့ဖြင့်မလုပ်သော အရေဖျားလှီးခြင်းကိုလည်း ခံယူကြပါသည်၊ ထို ခရစ်တော်၏ အရေဖျားလှီးခြင်းဖြင့် အပြစ်တို့၏ကိုယ်ခန္ဓာ၏အသွေးအသားကို လှီးဖြတ်ပစ်လိုက်ကြပါသည်၊

၁၂ – သူနှင့်အတူ ဗတ္တိဇံ၌ မြှုတ်နှံခြင်းကို ခံကြပါသည်၊ ထို့နောက် သူနှင့်အတူ သင်တို့သည် ပြန်လည်ထမြောက်ကြပါသည်၊ ဘုရားသခင်က အကျိုးသက်ရောက်စေသည့် ယုံကြည်ခြင်းအားဖြင့်ဖြစ်သည်၊ ဘုရားသခင်သည် သူ့ကို သေခြင်းမှ ပြန်လည်ထမြောက်စေသူဖြစ်သည်။

၁၃ – သင်တို့၏ အပြစ်များနှင့် သင်တို့၏အသွေးအသားကို အရေဖျားမလှီးခြင်းဖြင့် သေနေကြသော သင်တို့ကို၊ ဘုရားသခင်သည် သူနှင့်အတူ ပြန်လည်ရှင်ပြန်ထမြောက်စေပါသည်၊ သင်တို့၏ ကျူးလွန်ခြင်းများကို ခွင့်လွှတ်လျှက်ဖြစ်သည်၊

၁၄ – ငါတို့ကို တိုက်ခိုက်ခဲ့သော၊ ငါတို့ကို ဆန့်ကျင်ခဲ့သော၊ ပြဋ္ဌာန်းထားသည့်စည်းမျဉ်းဥပဒေသများကို အဝေးသို့ ဖယ်ရှားပစ်လိုက်ပါသည်၊ သူ၏လက်ဝါးကပ်တိုင်တွင် ရိုက်ထားလိုက်ပါသည်၊

၁၅ – အားလုံးသော အုပ်စိုးခြင်းများနှင့် တန်ခိုးအာဏာများတို့ကို ဖျက်ဆီးပစ်လိုက်လျှက်၊ သူသည် ၎င်းတို့ကို အများမြင်ကွင်း၌ ဘာမှမဟုတ်ကြောင်းပြသလျှက်၊ လက်ဝါးကပ်တိုင်ဖြင့် ၎င်းတို့ကို အနိုင်ယူအောင်ပွဲခံပါသည်။

၁၆ – ထို့ကြောင့် သင်တို့ကို မည်သူကမျှ အသားစားခြင်း၌၊ (သို့) သောက်သုံးခြင်း၌၊ (သို့) နေ့ထူးနေ့မြတ်နှင့် ပတ်သက်၍၊ (သို့) လဆန်းနေ့နှင့်ပတ်သက်၍၊ (သို့) အနားယူရာဥပုသ်နေ့များနှင့်ပတ်သက်၍ မစီရင်စေကြနှင့်၊

၁၇ – ၎င်းတို့သည် နောက်လာမည့်အရာအတွက် အရိပ်နှင့်ပတ်သက်သော အကြောင်းအရာများ ဖြစ်ကြသည်၊ သို့သော် အဓိကအပိုင်းမှာ ခရစ်တော်ဖြစ်သည်။

၁၈ – မည်သူကမှ သင်တို့ရမည့် ဆုနှင့်ပတ်သက်၍ မလိမ်စေနှင့်၊ မိမိသဘောနှင့် နှိမ့်ချခြင်းဖြင့်၎င်း၊ ကောင်းကင်တမန်များအားကိုးကွယ်ခြင်းဖြင့်၎င်း မလိမ်စေနှင့်၊ ထိုသို့သောသူသည် မိမိ မမြင်ဘူးသောအရာများထဲသို့ ကျူးကျော်ဝင်ရောက်သူဖြစ်သည်၊ အသွေးအသားနှင့် ပတ်သက်သောစိတ်၌ အချည်းနှီးမဲ့ မာနကြီးသူဖြစ်ပါသည်၊

၁၉ – ဦးခေါင်းနှင့် ဆက်နွယ်မှု မပြုသူဖြစ်သည်၊ ထိုဦးခေါင်းမှနေ၍ တကိုယ်လုံးသည် ဆက်နွယ်နေကြသည်၊ ညီညွတ်စွာ စုဖွဲ့ထားလျှက် အဟာရဓါတ်ကို ရရှိကြသည်၊ အတူတကွ နှောင်ဖွဲ့ထားကြလျှက်၊ ဘုရားသခင်ပေးသော တိုးပွားခြင်းနှင့် တိုးတက်ကြီးပွားကြပါသည်။

၂၀ – ထို့ကြောင့် သင်တို့သည် ခရစ်တော်နှင့်အတူ၊ ကမ္ဘာကြီး၏အခြေသဘောတရားများမှနေ၍၊ သေကြပြီဆိုလျှင်၊ အဘယ့်ကြောင့် သင်တို့သည် ကမ္ဘာကြီးထဲ၌အသက်ရှင်နေကြသေးသကဲ့သို့ ဓလေ့ထုံးစံစည်းမျည်းများအောက်၌ ဆက်လက် နာခံနေထိုင်ကြပါသေးသနည်း?

၂၁ – (မထိနှင့်၊ မမြည်းနှင့်၊ မကိုင်တွယ်နှင့်၊

၂၂ – ၎သည်တို့သည် အသုံးပြုသူများနှင့်အတူတူ ပျက်ဆီးသွားကြမည့် အရာများသာ ဖြစ်ကြသည်)၊ လူတို့၏ ပညတ်များနှင့် ဩဝါဒများအတိုင်း ဆက်၍ နေထိုင်ကြရပါသေးသနည်း?

၂၃ – ထိုအရာတို့သည် လူသားအလိုဆန္ဒကို ကိုးကွယ်သော၊ ခန္ဓာကိုယ်ကိုလစ်လျူရှုခြင်း၊ နှိမ့်ချခြင်းတို့ကို ကိုးကွယ်သော ဉာဏ်ပညာ၏ ပြင်ပအသွင်သဏ္ဍာန်မျှသာ ဖြစ်ပါသည်၊ သို့သော် ၎င်းသည် အသွေးအသားအား အလိုလိုက်ခြင်းကို ဆန့်ကျင်ရန်အတွက်

မည်သည့်တန်ဖိုးမျှ မရှိပါ။

++++++++++++++++++++++++++

## သခင်ဘုရား၏နေ့ (၁၉)

၅၀။ "ဘုရား၏လက်ျာဘက်၌ ထိုင်တော်မူသည်"ဆိုသည်ကိုအဘယ်ကြောင့်ပေါင်းထည့်သနည်း?

အဘယ်ကြောင့်ဆိုသော် ထိုရည်ရွယ်ချက်အတွက်ပင် ခရစ်တော်သည် ကောင်းကင်ဘုံသို့တက်ခြင်းဖြစ် သည်။ ထိုသို့ဖြင့် သူသည် အသင်းတော်၏ ဦးခေါင်းအဖြစ် ထင်ရှားလျှက် သူ့အားဖြင့် ခမည်းတော်သည် အရာခပ်သိမ်းကို အုပ်စိုးတော်မူမည်ဖြစ်သည်။

(ဖေက် ၁း၂၀–၂၂၊ ကော ၁း၁၈၊ မဿဲ ၂၈း၁၈၊ ယော ၅း၂၂)

၅၁။ ကျွန်ုပ်တို့၏ ဦးခေါင်းဖြစ်သော သခင်ခရစ်တော်၏ဘုန်းတော်ကြောင့် ကျွန်ုပ်တို့ မည်သည့် အကျိုးကျေးဇူးကို ရရှိပါသနည်း?

ပထမအနေနှင့်၊ သူ၏သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် ကျွန်ုပ်တို့၏ ကောင်းကင်နှင့်ဆိုင်သော ကျေးဇူးတော်များကို သူ၏ အင်္ဂါများဖြစ်သည့် ကျွန်ုပ်တို့အပေါ်သို့ သွန်းလောင်းတော်မူသည်။ ထို့နောက် သူ၏တန်ခိုးတော်ဖြင့် ရန်သူများအားလုံးကို ဆန့်ကျင်လျှက်၊ ကျွန်ုပ်တို့ကိုကာကွယ်ပါသည်၊ ထိန်းသိမ်းစောင့်ရှောက်ပါသည်။

(ဖေက်၄း၈၊ဆာလံ၂း၉၊ ယော ၁၀း၂၈)

၅၂။ "သခင်ခရစ်တော်သည် သေသူရှင်သူတို့ကို တရားစီရင်ရန် ပြန်လာဦးမည်"ဆိုသည်က မည်သို့သော နှစ်သိမ့်မှုမျိုးကို သင်၌ ဖြစ်စေသနည်း?

ကျွန်ုပ်၏ အားလုံးသော ဝမ်းနည်းခြင်းများ၊ နှိပ်စက်ညှင်းဆဲခံရခြင်းများထဲမှနေ၍၊ ကျွန်ုပ်သည် ယွှင်တချိန်က ဘုရားသခင် ၏ခုံရုံးသို့ ကျွန်ုပ်အတွက် မိမိကိုယ်မိမိပေးအပ်သူ၊ ကျွန်ုပ်ထံမှ ကျိန်ခြင်းအားလုံးကို ဖယ်ရှားပစ်သူသည် တရားသူကြီးကဲ့သို့ ကောင်း ကင်မှပြန်လာရန်၊ ဦးခေါင်းမော့ကာ ရှာဖွေပါသည်။ သူသည် ကျွန်ုပ်နှင့်သူ၏ ရန်သူများအားလုံးကို ထာဝရပြစ်တင်ရှုတ်ချခံရ ခြင်းသို့ ပို့ပစ်မည်။ သို့သော် ကျွန်ုပ်နှင့်သူ့ရွေးကောက်သောသူများကိုမူ၊ ကောင်းကင်နှင့်ဆိုင်သော ဝမ်းမြောက်ခြင်းများနှင့် ဂုဏ် ကျက်သရေသို့ ပြောင်းလဲစေပါမည်။

(လုကာ ၂၁း၂၈၊ ရော ၈း၂၃–၂၄၊ ၁သက် ၄း၁၆၊ ၂သက် ၁း၆–၉၊ မဿဲ ၂၅း၄၁၊၄၃)

××××××××××××××××××××××××××××××××××××××